ရေကြီးခြင်းကို သတိထားမိပါသလား။ ကြိုတင်ပြင်ဆင်ထားပါ

kingcounty.gov/floodservices တွင် ရေလွှမ်းမိုးမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို ရယူပါ

KING COUNTY FLOOD CONTROL DISTRICT

516 Third Ave. Room 1200 • Seattle WA 98104

kingcountyf loodcontrol.org

PRSRT STD
U.S. POSTAGE
PAID
SEATTLE WA
PERMIT NO. 6013

2024 - 2025

ရေဘေး အတွက် အသင့်ဖြစ်နေပါစေ

KING COUNTY အတွင်း ရေလွှမ်းမိုးမှုဆိုင်ရာကြိုတင်ပြင်ဆင်မှုများကိုသိရှိနိုင်ရန်အတွက် သင်၏လမ်းညွှန်စာအုပ်

မင်္ဂလာပါ။

သင့်အိမ်ခြံမြေသည် ရေလွှမ်းလွင်ပြင်တွင် သို့မဟုတ် ရေလွှမ်းလွင်ပြင်အနီးတွင်ရှိနေပြီး ရေလွှမ်းမိုးခံရနိုင်သည့်အန္တရာယ်တွင်ကျရောက်နေသောကြောင့် ဤလက်ကမ်းစာစောင်ကို သင်လက်ခံရရှိထားခြင်းဖြစ်သည်။

KING COUNTY မြစ်ကြောင်းများပြ မြေပုံ ➡

ရေကြီးမှုမဖြစ်မီ

1 သင်၏ ရေကြီးမှု ဘေးအန္တရာယ်ကို သိနားလည်ပါ။ သင့်အိမ်ခြံမြေသည် **kingcounty.gov/FEMAmap.** တွင် ကြည့်ရာတွင်ရေလွှမ်းလွင်ပြင်တွင်ရှိ၊ မရှိ စစ်ဆေးပါ။ သင် အကူအညီလိုအပ်ပါက သို့မဟုတ် ရေလွှမ်းမိုးခံရသည့်အတည်ပြုလက်မှတ်များအကြောင်း နောက်ထပ်အချက်အလက်များကို ရယူလိုပါက **206-477-4812** သို့ ဖုန်းခေါ်ဆိုပါ။.

2 ရေကြီးမှု အာမခံ ဝယ်ပါ။ သာမန် အိမ်ပိုင်ရှင်များအာမခံသည် ရေကြီးခြင်းကြောင့် ဆုံးရှုံးမှုများကို အကာအကွယ်မပေးနိုင်သလို ရေဘေးအာမခံမူဝါဒအသစ်များအတွက် ရက်ပေါင်း 30 စောင့်ဆိုင်းရနိုင်ပါသည်။ ***floodsmart.gov*** တွင် ပိုမိုလေ့လာပါ သို့မဟုတ် **877-336-2627** သို့ ဖုန်းခေါ်ဆိုပါ။

3 သင်ကိုယ်တိုင်နှင့် သင့်မိသားစုကို ကာကွယ်ပါ။

- သင်၏ အရေးပေါ်အစီအစဉ်နှင့် အရေးပေါ်အခြေအနေသုံးအသုံးအဆောင်ပစ္စည်းများကို အပ်ဒိတ်လုပ်ပါ။
- ကုန်းမြင့်ပိုင်းသို့သွားရာလမ်းကို လေ့လာမှတ်သားထားပြီး မည်သည့်အချိန်တွင် ကုန်းမြင့်ပိုင်းသို့ဘေးလွတ်အောင်ထွက်ခွာရမည်ဆိုသည်ကို သိနားလည်ပါ။
- ဒေသတွင်းဖုန်းလိုင်းများ မအားပါက အချက်အလက်များနှင့် ပတ်သက်၍ ဖုန်းခေါ်ဆိုရန် ပြည်နယ်ပြင်ပရှိ မိတ်ဆွေ သို့မဟုတ် ဆွေမျိုးတစ်ဦးကို ရွေးပါ။

4 သင်၏ပိုင်ဆိုင်ပစ္စည်းနှင့် အိမ်မွေးတိရစ္ဆာန်များကို ရေကြီးမှု ဘေးအန္တရာယ်များမှ ကာကွယ်ပါ။

- ယာဉ်များ၊ ပစ္စည်းကိရိယာနှင့် ခြံမွေး/အိမ်မွေးတိရစ္ဆာန်များကို ပိုမြင့်မားသည့် ကုန်းမြင့်ပိုင်းသို့ ပြောင်းရွှေ့ထားပါ။
- ပရိုပိန်းဓါတ်ငွေ့နှင့်ဆီတိုင်ကီများကို ကျောက်ချထားပါ။ ဓာတုပစ္စည်းများနှင့် အဖိုးတန်ပစ္စည်းများကို ရေကြီးမှတ်များအထက်တွင်သိုလှောင်ပါ။
- ရေဆိုးမြောင်းရေစစ်များတည်ဆောက်ရာတွင် ပြင်ပမှရေများဝင်ရောက်လာခြင်းမှ ကာကွယ်ရန် ဗားခလုတ်များကို **တပ်**ဆင်ပါ။

သင်လုပ်ရမည့်အပိုင်းကိုလုပ်ဆောင်ပါ

သဘာဝရေလွှမ်းလွင်ပြင်များကို ကာကွယ်ပါ။

ကောင်းမွန်သောသဘာဝရေလွှမ်းလွင်ပြင်များသည် အရှိန်ကိုနှေးကွေးစေပြီး ရေကြီးခြင်းကြောင့်လျှံကျလာသည့်ရေများကို သိုလှောင်ရာတွင် အထောက်အကူဖြစ်စေပြီး အခြားအကျိုးကျေးဇူးများစွာရှိသည့် အပြင် ရေလွှမ်းမိုးမှုအန္တရာယ်ကို လျှော့ချပေးသည်။

ရေစီးသန်သည့်ရေမြောင်းများထဲသို့ အမှိုက်များကို မည်သည့်အခါမှ မစွန့်ပစ်ပါနှင့်။ အမှိုက်နှင့် တိရစ္ဆာန်အညစ်အကြေးများကို အမှိုက်ပုံးများတွင် စွန့်ပစ်ပါ။ လမ်းဘေးလူသွားလမ်းများ၊ ရေမြောင်းများ၊ ကားလမ်းများနှင့် လမ်းခင်းထားသောအခြားလမ်းမျက်နှာပြင်များကို လှည်းကျင်းသုတ်သင်ပေးပါ။ ကြည်လင်၍ ရေစီးသန်သည့် ရေမြောင်းများသည် သောက်သုံးရန်အတွက်၊ တောရိုင်းတိရစ္ဆာန်များအတွက်နှင့် အပန်းဖြေစရာနေရာများအတွက် ကျွန်ုပ်တို့၏မြစ်များနှင့် ချောင်းများကို သန့်ရှင်းစေရန်ကူညီပေးပါသည်။

ရေကြီးမှုဖြစ်ပွားချိန်တွင်

1 ဆန့်ကျင်ဘက်အရပ်သို့မျက်နှာမူ၍ရေကူးပါ၊ ရေမနစ်ပါစေနှင့်။ ရေကြီးနေသောနေရာများကိုဖြတ်၍ ကားမမောင်းပါနှင့် သို့မဟုတ် လမ်းမလျှောက်ပါနှင့်။

2 ရေဘေးဆိုင်ရာသတိပေးချက်ထုတ်ပြန်သည့် **(Flood Warning)** အက်ပ်တွင် အခြေအနေများကို စစ်ဆေးပါ သို့မဟုတ် **King County** ရေဘေးသတိပေးစင်တာ ကို ဖုန်းခေါ်ဆိုပါ

3 မိုးလေဝသသတင်းများအတိုင်း လိုက်နာဆောင်ရွက်ပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရနိုင်ခြေ ရှိ၊မရှိ ထုတ်ပြန်သည့်အမိန့်များကို နားထောင်ပါ။

4 အကယ်၍ သင်သည် အန္တရာယ်ကင်းဘေးရှင်းစွာဖြင့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းနိုင်ခြင်း မရှိပါက 911 သို့ ဖုန်းဆက်အကူအညီတောင်းပါ။ သင့်လက်ကိုင်ဖုန်းနှင့် ဓာတ်မီးကိုယူဆောင်၍ အမြင့်ဆုံးအထပ်သို့ ပြောင်းရွှေ့ပါ။

5 သင့်ပိုင်ဆိုင်မှုကို ကာကွယ်ရန် သဲအိတ်များကို အသုံးပြုပါ (သဲအိတ်များအခမဲ့ပေးဝေသည့်နေရာများကိုသိရှိနိုင်ရန်အတွက် မြေပုံကို ကြည့်ပါ)။

6 ရေကြီးခြင်းကြောင့်လျှံကျလာသည့်ရေများသည် သင့်နေအိမ်အနီးသို့ ချဉ်းကပ်လာပါက ပင်မလျှပ်စစ်ဓါတ်အားထွက်ပေါက်မှမီးခလုတ်များကို အန္တရာယ်ကင်းစွာပိတ်နိုင်ပါက ၎င်းမီးခလုတ်များကို ပိတ်ပါ။

ရေကြီးခြင်းဆိုင်ရာသတိပေးချက်များကိုသိရှိနိုင်ရန်အတွက် စာရင်းပေးသွင်းပါ

ကြိုတင်သတိပေးချက်ရရှိနိုင်ရန် ရေကြီးမှုဆိုင်ရာအခမဲ့ သတိပေးချက်များကို သိရှိနိုင်ရန်အတွက် အကောင့်ဖွင့်ပါ။ ဖုန်း၊ စာတိုမက်ဆေ့ချ်၊ သို့မဟုတ် အီးမေးလ် ဖြင့် သတိပေးချက်များကို လက်ခံရယူနိုင်ရန်အတွက် သင် ရွေးချယ်နိုင်ပါသည်။

kingcounty.gov/flood

အက်ပ်ကို ထည့်သွင်းပါ

အပ်ဒိတ်လုပ်ထားသည့်ကျွန်ုပ်တို့၏ အက်ပ်သည် သင့်အား အချိန်နှင့်တစ်ပြေးညီ မိုးရေချိန်တိုင်းတာထားသည့် ဒေတာများ၊ ရေလွှမ်းမိုးမှုကိုဖြစ်စေသည့်ရေအမှတ်များနှင့် ခန့်မှန်းချက်များကို ခြေရာခံနိုင်စေပါသည်။

- ပိုမိုယုံကြည်စိတ်ချရသောနည်းပညာ - အချက်အလက်များကိုအလိုအပ်ဆုံးဖြစ်သည့်အချိန်၌ ယင်းအချက်အလက်များကိုရယူပါ။
- အပြန်အလှန်အကျိုးပြုဂရပ်များ - ဒေသတွင်းအခြေအနေများအကြောင်းနှင့်ပတ်သက်၍ လေ့လာနိုင်ရန်အတွက် ရေလွှမ်းမိုးမှုဒေတာများကို စူးစမ်းရှာဖွေပါ။
- ထပ်ဆောင်းဘာသာစကားများ Google Translate မှ ဘာသာပြန်ထားသောအချက်အလက်များကို ကြည့်ပါ။

ရေကြီးမှုဖြစ်ပွားပြီးနောက်

1 သင့်အဆောက်အဦးထဲသို့ဝင်ရန်အန္တရာယ်မကင်းမချင်း ယင်းအဆောက်အဦးထဲသို့ မဝင်ပါနှင့်။

မီးခလုတ်များကိုအသုံးမပြုမီ သင့်မီးခလုတ်များကိုကျွမ်းကျင်ပညာရှင်တစ်ဦးကို စစ်ဆေးခိုင်းပါ။

2 သင့်နေအိမ်၊ အစားအသောက်နှင့် ရေပေးဝေရေးကို အန္တရာယ်ကင်းစွာ သန့်ရှင်းရေးပြုလုပ်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ပါ။ *kingcounty.gov/PrepareForFlooding* တွင် ပိုမိုလေ့လာပါ

3 ရေကြီးခြင်းကြောင့် သင်၏ဆုံးရှုံးမှုများကို မှတ်တမ်းတင်ထားပါ။ ပျက်စီးမှုများကိုဓါတ်ပုံရိုက်ထားပြီး ပြင်ဆင်စရိတ်များကို သိမ်းဆည်းထားပါ။ ရေဘေးကြောင့် ဆုံးရှုံးမှုများကို တောင်းဆိုရန် သင်၏ အာမခံကိုယ်စားလှယ်ကို ဆက်သွယ်ပါ။

4 သင်၏နေအိမ်တွင် မြင့်တက်လာသည့်ရေအမှတ် ကို မှတ်သားပါ။

နောင်အနာဂတ်တွင်ရေကြီးခြင်းကြောင့်ပျက်စီးဆုံးရှုံးမှုကို လျှော့ချနိုင်ရန်အတွက် ကူညီပါ

ရေလွှမ်းလွင်ပြင်အတွင်း မည်သည့်တည်ဆောက်မှုမဆို ခွင့်ပြုချက်တစ်ခု လိုအပ်ပါသည်။ တည်ဆောက်ရေးအသစ်၊ အဆောက်အဦးပြုပြင်မှုများ၊ တိုးချဲ့တည်ဆောက်မှုများ၊ မြေတူးခြင်း၊ မြေညှိခြင်း၊ မြေဖို့ခြင်း သို့မဟုတ် အခြားသော သင်၏ပိုင်ဆိုင်ပစ္စည်းများအပြောင်းအလဲများအတွက် ခွင့်ပြုချက် ရှိထားရမည်ဖြစ်ပြီး သင့်ရပ်ရွာဝန်းကျင်၏ ရေလွှမ်းလွင်ပြင် စီမံခန့်ခွဲမှုစည်းမျဉ်းများရှိ စံနှုန်းများကို လိုက်နာရမည်။ ရေလွှမ်းလွင်ပြင်အတွင်းရှိ မည်သည့်အဆောက်အအုံကိုမဆို ပြုပြင်မှုများ သို့မဟုတ် အဆင့်မြှင့်တင်မှုများသည် ၎င်းတို့၏ တန်ဖိုးထက် ၅၀ ရာခိုင်နှုန်းအထက် ပိုမိုခဲ့လျှင် ရေလွတ်အောင်မြှင့်ထားရန် သို့မဟုတ် ရေဘေးဒဏ်ခံနိုင်အောင်လုပ်ထားရန် လိုအပ်ပါသည်။

တာဝန်ယူမှုရှိရှိ တည်ဆောက်ခြင်းသည် လူနှင့် အဆောက်အဦများကို ရေလွှမ်းမိုးခံရခြင်းမှ ပို၍ဘေးကင်းစေပါသည်။ ရေလွှမ်းလွင်ပြင်ဆိုင်ရာစီမံခန့်ခွဲမှုစည်းမျဉ်းများသည် ဖွံ့ဖြိုးတိုးတက်မှုစီမံချက်တစ်ခုစီတိုင်းမှ အခြားလူနေမှုပတ်ဝန်းကျင်အဆောက်အဦအပေါ် ထိခိုက်ပျက်စီးစေသည့်သက်ရောက်မှုများကိုနည်းအောင်လျှော့ချပေးခြင်းဖြင့် ကျွန်ုပ်တို့၏ ရေလွှမ်းမိုးခံရသောဒေသများတွင်နေထိုင်လုပ်ကိုင်သူအားလုံးကို အန္တရာယ်နည်းပါးစေသည်။

စီမံကိန်းမစတင်မီ သင်၏ တရားစီရင်ပိုင်ခွင့်ကို ခွင့်ပြုသော ဌာန သို့မဟုတ် King ခရိုင်ဒေသတွင်းဝန်ဆောင်မှုများပေးသည့်ဌာန (King County Department of Local Services) ထံသို့ 206-296-6600 ကိုခေါ်ဆို၍ ဆက်သွယ်ပါ။ သို့မဟုတ် ***kingcounty.gov/permits*** သို့ သွားပါ။

ပြန်လည်သုံးစွဲနိုင်သော စက္ကူပေါ်တွင် ပုံနှိပ်ထားသည်။ ကျေးဇူးပြု၍ ပြန်လည်သုံးစွဲပေးပါ။
အထွေထွေ

အရေးပေါ်အခြေအနေသုံးအသုံးအဆောင်ပစ္စည်းများစာရင်း ပိုမိုသိရှိရန် : ***ready.gov/kit***

- ဓါတ်ခဲ သို့မဟုတ် လက်ဖြင့်လှည့်ရသည့်ရေဒီယို နှင့် ဓာတ်ခဲအပိုများ
- ရှေးဦးသူနာပြုပစ္စည်းများနှင့် ဝီစီတစ်ခု
- ဘက်ထရီအပိုများပါသော ဓာတ်မီး
- ပလပ်စတစ်အိတ်တစ်အိတ်ထဲတွင် အရေးကြီးစာရွက်စာတမ်းများ၏မိတ္တူများထည့်ထားပါ (ယာဉ်မောင်းလိုင်စင်၊ အာမခံနှင့် ဘဏ်အချက်အလက်၊နှင့် ဆက်သွယ်ရမည့်အချက်အလက်များ) ကို အိတ်ထဲထည့်ထားပါ
- သင့်မိသားစုနှင့် တိရစ္ဆာန်များအတွက် ရက်ပေါင်းများစွာ သုံးစွဲနိုင်သော ရေနှင့် ပုပ်သိုးလွယ်ခြင်းမရှိသော အစားအစာ
- အနွေးဝတ်များ၊ အကြမ်းခံသော ဖိနပ်များ/ဘွတ်ဖိနပ်များနှင့် စောင်များ
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် သန့်စင်ခန်းသုံးပစ္စည်းများ
- သောက်သုံးရန်အတွက် ဆရာဝန်ညွှန်ကြားထားသောဆေးများ
- ကလေးများအတွက် သက်သောင့်သက်သာရှိစေမည့်ပစ္စည်းများ (စောင်၊ စာအုပ်များ၊ ကစားစရာများ)
- အားသွင်းကိရိယာများနှင့် အရန်ဘက်ထရီပါရှိသော ဆဲလ်ဖုန်း

သင် ကြိုတင်ပြင်ဆင်ထားပါသလား

ဥက္ကဋ္ဌ Reagan Dunn

King County ရေကြီးမှုထိန်းချုပ်ရေးခရိုင် (ခရိုင်) ၏ ဥက္ကဋ္ဌတစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏မြစ်များ၏ မခန့်မှန်းနိုင်သောအခြေအနေများနှင့် စွမ်းအားကြီးခြင်းက ကျွန်ုပ်ကိုနေ့တိုင်းသတိပေးနေပါသည်။ ရေကြီးရာသီ နီးကပ်လာသည်နှင့်အမျှ ကျွန်ုပ်တို့၏ ရပ်ရွာများ စည်းလုံးညီညွတ်စွာဖြင့် ကြိုတင်ပြင်ဆင်ရမည့်အချိန်ကျရောက်လာပြီဖြစ်သည်။ ကြိုတင်ပြင်ဆင်ရမည့်ခြေလှမ်းများကို ယခုပင်လုပ်ဆောင်ခြင်းဖြင့် မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် ယခင်အခြေအနေနှင့်မတူသည့်အခြေအနေအားလုံးကို လုပ်ဆောင်နိုင်ပါသည်။

ရေဘေးအန္တရာယ်လျှော့ချရေးပရောဂျက်များနှင့် မူဝါဒများအားမျှော်တွေးရှေးရှုလုပ်ဆောင်မှုများဖြင့် ကျွန်ုပ်တို့၏ ရပ်ရွာများကို ကာကွယ်နေသည့် ခရိုင်၏ဦးဆောင်မှုအပေါ် ကျွန်ုပ်ဂုဏ်ယူပါသည်။ ကျွန်ုပ်တို့သည် ခရိုင်တစ်လျှောက်ရှိ မြစ်ကမ်းပါးများ၏ 118 မိုင် တစ်လျှောက်တွင် ရေကြီးရေလျှံမှုကာကွယ်ရေး အဆောက်အအုံ 500 ကျော်ကို စီမံလုပ်ဆောင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ပြုလုပ်နိုင်ရန်အတွက် ရန်ပုံငွေထောက်ပံ့နေပါသည်။ ကျွန်ုပ်တို့သည် ရေလွှမ်းလွင်ပြင်မြေပုံများကို အပ်ဒိတ်လုပ်ထားပါသည်။ နည်းပညာပိုင်းဆိုင်ရာလေ့လာမှုများကိုလုပ်ဆောင်ပါသည်၊ အိမ်များနှင့် လုပ်ငန်းများကို မြှင့်တင်ပေးပါသည်။ လယ်ယာမြေများအား ရေလွှမ်းမိုးမှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိလာစေရန် ကူညီပေးပါသည်၊ ရေကြီးမှုဖြစ်ရပ်များဖြစ်သည့်အချိန်အတောအတွင်း လူများကို ဘေးကင်းလုံခြုံစေရန်အတွက် အချက်အလက်များကိုချက်ချင်းပေးနိုင်ရန် ကျွန်ုပ်တို့၏ ရေကြီးမှုဆိုင်ရာသတိပေးစနစ်များကို တိုးမြှင့်လုပ်ဆောင်ထားပါသည်။

ပို၍ခံနိုင်ရည်အားရှိပြီး ရေရှည်တည်တံ့သောရပ်ရွာများဖြစ်လာစေရန်အတွက်အားပေးမြှင့်တင်နေစဉ်တွင် ကျွန်ုပ်တို့၏ အသက်နှင့် ပိုင်ဆိုင်ပစ္စည်းများကို ရေလွှမ်းမိုးခြင်းမှ ကာကွယ်နိုင်စေရန်အတွက် ကျွန်ုပ်တို့၏ ရည်မှန်းချက်များကို ပို၍အကောင်အထည်ဖော်နိုင်စေရန် အမျိုးသားအဖွဲ့အစည်းများ၊ အေဂျင်စီများနှင့်အတူ ခရိုင်သည်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ National Association of Storm ၏ အဖွဲ့ဝင်အသစ်တစ်ဦးအနေဖြင့် ရေနှင့် ရေကြီးရေလျှံမှုဆိုင်ရာစီမံခန့်ခွဲရေးအေဂျင်စီ (National Association of Stormwater and Flood Management Agencies NAFSMA)၊ ရေဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာ အကောင်းဆုံးမဟာဗျူဟာများကို ချမှတ်နိုင်ရန်အတွက် နိုင်ငံတစ်ဝှမ်းရှိ ကျွမ်းကျင်သူများနှင့်အတူ ကျွန်ုပ်တို့ အတူတကွလက်တွဲဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျွန်ုပ်တို့၏ ဆန်းသစ်တီထွင်မှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အခမ်းအနားနှစ်ခုတွင် ပြသနိုင်ရန်အတွက် NAFSMA မှ ကျွန်ုပ်တို့အားဖိတ်ကြားထားသောကြောင့် ကျွန်ုပ်တို့၏ဒေသခံခေါင်းဆောင်များသည် ရေလွှမ်းမိုးမှုအန္တရာယ်လျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးမှုများအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုကို မီးမောင်းထိုးပြနိုင်မည်ဖြစ်သည့်အတွက် ကျွန်ုပ်ဝမ်းမြောက်မိပါသည်။

ကျွန်ုပ်တို့သည် နောက်ထပ်ရေကြီးရာသီအတွက် ကြိုတင်ပြင်ဆင်ထားသောကြောင့် သင်နှင့် သင့်ချစ်ရသူများအား ကာကွယ်နိုင်ရန်အတွက် ကျေးဇူးပြု၍ ကြိုတင်ပြင်ဆင်ရမည့်အရာများကို လုပ်ဆောင်ထားပါ။ သင်၏ရေလွှမ်းမိုးမှုအန္တရာယ်ကို နားလည်ခြင်း၊ ရေလွှမ်းမိုးမှုအာမခံရယူခြင်း၊ ရေလွှမ်းမိုးမှုဆိုင်ရာသတိပေးချက်များမှတစ်ဆင့် သတင်းအဆက်မပြတ်ရရှိအောင်နေထိုင်ခြင်းနှင့် အစီအစဉ်တစ်ခုရှိခြင်းတို့သည် ရလဒ်ကောင်းများအားလုံးကို ဖြစ်စေနိုင်သည်။ ဤလက်ကမ်းစာစောင်တွင် ရေကြီးခြင်းအတွက် ပြင်ဆင်ရန်နှင့် ရေကြီးခြင်းကို တုံ့ပြန်ရာတွင် သင့်အား အထောက်အကူဖြစ်စေမည့် အချက်အလက်များ ပါရှိသည်။ သင့်ဘေးကင်းလုံခြုံရေးနှင့် သင့်ပတ်ဝန်းကျင်ရှိလူများ၏ ဘေးကင်းလုံခြုံမှုကို မြှင့်တင်ပေးနိုင်သည့် အဖိုးတန်သောထိုးထွင်းသိမြင်မှုများနှင့် လက်တွေ့ကျသော အကြံဉာဏ်များရရှိနိုင်ရန်အတွက် ကျေးဇူးပြု၍ ၎င်းလက်ကမ်းစာစောင်ကို အချိန်ယူဖတ်ရှုပါ။

အတူတကွလုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့၊ ကျွန်ုပ်တို့၏အိမ်နီးချင်းများနှင့် ကျွန်ုပ်တို့၏ပိုင်ဆိုင်ပစ္စည်းများကို ကာကွယ်နိုင်ပါသည်။ ရေဘေးအတွက် အဆင်သင့်ဖြစ်ကြပါစို့

Reagan Dunn
ဥက္ကဋ္ဌ King County ရေကြီးမှုထိန်းချုပ်ရေးခရိုင်
kingcountyfloodcontrol.org
Reagan.Dunn@kingcounty.gov

Lower Russell Levee Setback ပရောဂျက်သည် ကျွန်ုပ်တို့၏ ရေလွှမ်းမိုးမှုဆိုင်ရာဘက်ပေါင်းစုံစီမံခန့်ခွဲမှုနည်းလမ်းကို စံနမူနာပြထားပါသည်၊ ပရောဂျက်သည် ရေနေသတ္တဝါများနှင့် ကမ်းရိုးတန်းစားကျက်များကို မြှင့်တင်ပေးကာ အပန်းဖြေစရာနေရာနှင့် မြေလွတ်ရိုင်းနှင့်ပတ်သက်၍ အခွင့်အလမ်းများကို ပံ့ပိုးပေး၍ အများပြည်သူဘေးကင်းလုံခြုံရေးကို ကာကွယ်ပေးပါသည်။

လူများကို ကာကွယ်ခြင်းနှင့် ကျွန်ုပ်တို့၏ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းများကိုအကျိုးပြုခြင်း

ကျွန်ုပ်တို့၏ရပ်ရွာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ရေလွှမ်းမိုးမှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ဆောင်ချက်များလည်း ပြောင်းလဲလာရန်လိုအပ်လာပါသည်။ King County ရေကြီးမှုထိန်းချုပ်ရေးခရိုင် (ခရိုင်) သည် ဤဆင့်ကဲဖြစ်စဉ်ကို ရှေ့ဆုံးမှဆောင်ရွက်နေပါသည်။ ဒေသတွင်းရှိမြစ်ကြောင်းများတွင် သဟဇာတဖြစ်အောင်မှီတင်းနေထိုင်နေသော King County ရပ်ရွာများနှင့် ကောင်းမွန်သောဂေဟစနစ်များရှင်သန်ရာနေရာတွင် ရေလွှမ်းမိုးမှုအန္တရာယ်များကို ခံနိုင်ရည်ရှိစေရန်အတွက် နောင်အနာဂတ်တစ်ခုကို တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မျှော်မှန်းချက်အောင်မြင်စေရန် ကြိုးပမ်းအားထုတ်မှုများတွင် လူများ၏လိုအပ်ချက်ကို ဗဟိုပြုလုပ်ဆောင်ပါသည်။

ရေလွှမ်းလွင်ပြင်ဆိုင်ရာ ဘက်ပေါင်းစုံစီမံခန့်ခွဲမှုမှတစ်ဆင့် အခြေခံအဆောက် အအုံစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ချဉ်းကပ်နည်းအသစ်များကို ခရိုင်မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့သော် ၎င်းရေလွှမ်းလွင်ပြင်ဆိုင်ရာ ဘက်ပေါင်းစုံစီမံခန့်ခွဲမှုဆိုသည်မှာ မည်သည့်အရာကိုဆိုလိုပါသနည်း။

ရေလွှမ်းလွင်ပြင်ဆိုင်ရာ ဘက်ပေါင်းစုံစီမံခန့်ခွဲမှုသည် ရပ်ရွာများနှင့် ဂေဟစနစ်များကို ကာကွယ်နိုင်ရန်အတွက် ရေလွှမ်းလွင်ပြင်ဒဏ်ခံနိုင်ရည်အားကို တိုးမြှင့်လုပ်ဆောင်ပေးပြီး လူမျိုးစုပဋိညာဉ်ဆိုင်ရာ အခွင့်အရေးများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အလေးထားလုပ်ဆောင်ပါသည်။ ယင်းရေလွှမ်းလွင်ပြင်ဆိုင်ရာ ဘက်ပေါင်းစုံစီမံခန့်ခွဲမှုသည် စိုက်ပျိုးရေး၊ ရေသန့်၊ ဆန်းသစ်သောစီးပွားရေး၊ ဆော်လမွန်ငါးနှင့် ဝေလငါးများကို ပြန်လည်မွေးမြူရေးနှင့် လဟာပြင်အပန်းဖြေစရာနေရာများကဲ့သို့သော ဒေသတွင်းရှိ အဖိုးတန်နေရာများကို ပံ့ပိုးပေးပါသည်။ ခရိုင်သည် ရေလွှမ်းမိုးမှုအန္တရာယ်များကို လျှော့ချရန်၊ အများပြည်သူဘေးကင်းလုံခြုံစေရန်နှင့် မြစ်ကြောင်းဂေဟစနစ်များကို မျှမျှတတပြန်လည်ထူထောင်ပေးသည့် အကျိုးပြုပရောဂျက်များအပေါ် အာရုံစိုက်လုပ်ဆောင်ပါသည်။ ၎င်းတွင် အချိန်ကြာလာသည်နှင့်အမျှ ပိုမိုပြည့်စုံသော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် စိတ်ဝင်စားသည့်ပါတီများမှ ပိုမိုကျယ်ပြန့်သော ထိတွေ့ဆက်ဆံမှုများ ပါဝင်ပါသည်။

Lower Green River Corridor အတွက် ရေးဆွဲထားသောသဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ ထုတ်ပြန်ချက် (Programmatic Environmental Impact Statement PEIS) ကို ခရိုင်မှ အပြီးသတ်ထုတ်ပြန်သည့်အချိန်ဖြစ်သည့် ဧပြီလ 2024 ရက်နေ့တွင် ဤချဉ်းကပ်နည်းအသစ်ကို စံနမူနာပြခဲ့ပါသည်။ PEIS တွင် Lower Green River Corridor တွင် ရေဘေးအန္တရာယ်ကို သိသိသာသာလျှော့ချနိုင်စေမည့် မြစ်ကြောင်းတစ်လျှောက်တွင် ရေလွှမ်းမိုးမှုအန္တရာယ်ကို စီမံခန့်ခွဲရန် နည်းလမ်းသုံးသွယ်ကို စူးစမ်းလေ့လာခဲ့ပြီး အိုးအိမ်၊ အပန်းဖြေစရာနေရာနှင့်ပတ်သက်သည့် အခွင့်အလမ်းများနှင့် မြေလွတ်ရိုင်းများနှင့် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကဲ့သို့သော အခြားအရေးကြီးသော ရပ်ရွာအကျိုးခံစားခွင့်များကိုလည်း ပေးဆောင်ပါသည်။ လုပ်ငန်းစဉ်တွင် မျိုးနွယ်စုများ၊ ဒေသန္တရတရားစီရင်ပိုင်ခွင့်များ၊ အေဂျင်စီများ၊ စိတ်ဝင်စားသော ပါတီများနှင့် အများပြည်သူထဲမှအဖွဲ့ဝင်များ၏ ခိုင်မာသော ပူးပေါင်းပါဝင်မှုများ ပါဝင်ပါသည်။

ထိတွေ့ဆက်ဆံမှုဆိုင်ရာကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ခရိုင်သည် ဒေသတွင်းယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ဘာသာစကားဆိုင်ရာဗဟုသုတရှိပြီး အချိတ်အဆက်များရှိသည့် ယုံကြည်စိတ်ချရသော ရပ်ရွာရေကြောင်းထိန်းများနှင့်အတူတကွလုပ်ဆောင်ခဲ့သည်။ PEIS မူကြမ်းအတွက် ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်ကိုပြုလုပ်နေသည့်အချိန်အတွင်း ၎င်းရေကြောင်းထိန်းများ၏အရေးပါသောလုပ်ဆောင်မှုမှတဆင့်ဘာသာစကားခြောက်မျိုးဖြင့် ရပ်ရွာတွင်းမှတ်ချက်ပေါင်း 2,250 ကျော်ကို ရယူနိုင်ခဲ့ပါသည်။

လူများကို ဦးစားပေးခြင်းဖြင့်နှင့် ရေလွှမ်းမိုးမှုဆိုင်ရာစီမံခန့်ခွဲမှုကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးခံစားခွင့်များနှင့် ရပ်ရွာတွင်းအကျိုးခံစားခွင့်များနှင့် ပေါင်းစပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် ပို၍ဘေးကင်းလုံခြုံပြီး ပို၍ခံနိုင်ရည်ရှိသော King County ဖြစ်လာစေရန်အတွက် လမ်းခင်းပေးလျက်ရှိသည်။ ကျွန်ုပ်တို့၏ ရေလွှမ်းမိုးမှုဆိုင်ရာအန္တရာယ်လျှော့ချရေးကြိုးပမ်းမှုများသည် ကျွန်ုပ်တို့ဝန်ဆောင်မှုပေးနေသောသူများ၏ လိုအပ်ချက်များ၊ တန်ဖိုးထားမှုများနှင့် ဦးစားပေးမှုများကို ဖြည့်ဆည်းပေးနိုင်ကြောင်းသေချာစေရန်အတွက် ကျွန်ုပ်တို့၏ရပ်ရွာဗဟိုပြုချဉ်းကပ်သည့်နည်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ် သည်။

ဖွံ့ဖြိုးတိုးတက်နေသော King County ရပ်ရွာများနှင့် ကောင်းမွန်သောဂေဟစနစ်များ ယှဉ်တွဲနေထိုင်နိုင်စေရန်အတွက် ရေဘေးသင့်မှုကင်းစင်သောအနာဂတ်တစ်ခုဖြစ်စေရန် အတူတကွတည်ဆောက်နေပါသည်။

သတင်းအဆက်မပြတ်ရရှိအောင်နေထိုင်ပါ

ရေကြီးမှုအခြေအနေများ အလျင်အမြန်ပြောင်းလဲတတ်ပါသည်။ သင်နှင့် သင့်မိသားစုကို ဘေးကင်းလုံခြုံမှုရှိအောင်လုပ်ဆောင်နိုင်သည့်အချိန် သင့် တွင်ရှိစေရန်အတွက် သတင်းအဆက်မပြတ်ရရှိအောင်နေထိုင်ပါ။

ဖုန်း၊ စာတိုမက်ဆေ့ချ်၊ သို့မဟုတ် အီးမေးလ်သတိပေးချက်များ

ရေဘေးဆိုင်ရာအလိုအလျောက်သတိပေးချက်များကိုသိရှိနိုင်ရန်အတွက် အခမဲ့ စာရင်းသွင်းပါ။ မြစ်နှင့် ရေလွှမ်းမိုးနိုင်သည့်ရေအမှတ်အလိုက် သတိပေးချက်များကို သင့်ကိုယ်ပိုင်အမှတ်အသားပြုလုပ်ထားနိုင်ပါသည်။

ရေဘေးဆိုင်ရာသတိပေးသည့်အက်ပ်အသစ်

မိုးရေချိန်တိုင်းထားသည့်ဒေတာများ၊ ရေလွှမ်းမိုးနိုင်သည့်ရေအမှတ်များနှင့် ခန့်မှန်းချက်များကို ခြေရာခံနိုင်စေပါသည်။ အပ်ဒိတ်လုပ်ထားသောအက်ပ်၏ကြွန်အင်လက္ခဏာများ -

- ပိုမိုယုံကြည်စိတ်ချရသောနည်းပညာ -
- အပြန်အလှန်အကျိုးပြုဂရပ်များ-
- ထပ်ဆောင်းဘာသာစကားများ

***kingcounty.gov/alert* သို့** ဝင်ရောက်ကြည့်ရှုပါ
မဟုတ် **206-477-4899 သို့** ဖုန်းခေါ်ဆိုပါ

KING COUNTY မြစ်ကြောင်းစနစ်များ

ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ (FEDERAL EMERGENCY MANAGEMENT AGENCY FEMA) နှစ် 100 သက်တမ်းရှိသည့် ရေလွှမ်းလွင်ပြင်

နှစ် 100 သက်တမ်းရှိ ရေလွှမ်းလွင်ပြင်သည် သတ်မှတ်နှစ်အတွင်း မည်သည့်နှစ်တွင်မဆို ဖြစ်ပွားနိုင်ခြေ တစ်ရာခိုင်နှုန်းသာရှိသောရေလွှမ်းမိုးမှုဖြစ်ရပ်တစ်ခုဖြစ်သည့် အချိန်အတွင်း ရေလွှမ်းမိုးနိုင်ဖွယ်ရှိသည့် ဧရိယာဖြစ်သည်။

သဲအိတ် အစီအစဉ်

သဲအိတ်များသည် ရိုးရှင်းပြီး ထိရောက်သော ရေလွှမ်းမိုးမှုတိုက်ဖျက်ရေး ကိရိယာများဖြစ်သည်။ ၎င်းတို့ကို မည်သည့်နေရာတွင်ရနိုင်သနည်းဆိုသည် နှင့် ၎င်းတို့ကို အသုံးပြုပုံကို သိရှိနိုင်ရန်အတွက် *kingcounty.gov/sandbags* တွင် လေ့လာပါ -

ကျွန်ုပ်တို့၏ရပ်ရွာများအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း

King County ရေကြီးမှုထိန်းချုပ်ရေးခရိုင်သည် သာတူညီမျှမှုနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများတန်းတူရရှိရေး၊ ရေရှည်တည်တံ့သောအသက်မွေးဝမ်း ကျောင်းမှုများ၊ သက်ရှိသတ္တဝါများကျင်လည်ကျက်စားရာနေရာကိုကာကွယ်ရေး၊ ဆော်လမွန်ငါး ပြန်လည်မွေးမြူရေး၊ အပန်းဖြေစရာနေရာနှင့် ခံနိုင်ရည်ရှိသောရပ်ရွာများကို မြှင့်တင်ပေးနေစဉ်တွင် အသက်နှင့် ပိုင်ဆိုင်ပစ္စည်းများကိုရေလွှမ်းမိုးခြင်းမှ ကာကွယ်နိုင်ရန် အတွက် လုပ်ဆောင်ပါသည်။

370 ကျော်ရှိသည့် ရေကာတာများနှင့် တာရိုးများ (မတ်စောက်သောတာတမံများ)ကို ပြုပြင်မွမ်းမံနိုင်ရန်အတွက် ပရောဂျက်များကို ပြီးမြောက်အောင်လုပ်ဆောင်ခဲ့သည်

ရေဘေးကာကွယ်ရေးအဆောက်အဦး ပေါင်း 500 ကျော်ရှိသည့် လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း **500+**
ကောင်တီတစ်လျှောက် အရေးကြီးသော ရေဘေးကာကွယ်ရေး အဆောက်အအုံများ

မြစ်ကမ်းပါးများ၏ **118** မိုင်အတွင်း ရေကြီးခြင်းမှကာကွယ်နိုင်ရန်အတွက် + **800** မြေဧက 800 ကို ခိုင်ခံ့အောင်ပြုလုပ်ထားသည်

ရေလွှမ်းမိုးသည့်ရေအမှတ်များ

King County သည် မြစ်ရေလွှမ်းမိုးမှုအခြေအနေများကို ထင်ဟပ်စေရန် ရေအမှတ် လေးမှတ်ကို အသုံးပြုပါသည်။ ရေအမှတ်ပိုများလာလေလေ ကျွန်ုပ်တို့၏မြစ်များတွင် ရေပိုစီးဆင်းလေလေဖြစ်ပြီး ကျွန်ုပ်တို့အနေဖြင့်ရေကြီးရေလျှံမှုကို ကြုံတွေ့နိုင်လေလေဖြစ်သည်။

1 ပြင်ဆင်ပါ

ပုံမှန်အားဖြင့် ရေကြီးလေ့မရှိပါ။ King County မှ ဝန်ထမ်းများ အသင့်အနေအထားရှိနေသည်။

2 အနည်းငယ်ရေကြီးခြင်း

ရေတိုက်စားခြင်း၊ ရေလွှမ်းမိုးမှုဆိုင်ရာထိခိုက်ပျက်စီးမှုနှင့် လမ်းပိတ်ခြင်းများ ဖြစ်နိုင်သည်။
King County ရေကြီးမှုသတိပေးဌာန ကို ဖွင့်လှစ်ထားပါသည်။ ဝန်ထမ်းများမှ ကူညီရန် 24 နာရီပတ်လုံးရှိပါသည်။

3 အသင့်အတင့်ရေကြီးခြင်း

မတူညီသောရေအတိမ်အနက်ကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်သည်။ အဓိကလမ်းကြောများ အပါအဝင်လမ်းအများအပြားကို ပိတ်ထားနိုင်သည်။ ရေဘေးကင်းစင်ရေးဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်သည့်ဝန်ထမ်းများသည် ရေကြီးရေလျှံမှုဖြစ်ပွားသောနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေကြီးမှုထိန်းချုပ်ရေးအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

4 အလွန်အမင်းရေကြီးခြင်း

အရှိန်အဟုန်ပြင်းစွာရွေ့လျားနေသည့်ရေများကြောင့် အလွန်အမင်းရေကြီးခြင်း မြစ်ချိုင့်ဝှမ်းများတစ်လျှောက် ကျယ်ပြန့်စွာလမ်းပိတ်နေပါသည်။ ရေကြီးမှုသတိပေးဌာနကို ဆက်လက်ဖွင့်လှစ်ထားသည်။ Flood Patrol ဌာနသည် စစ်ဆေးမှုအကြိမ်ရေကို တိုးမြှင့်လုပ်ဆောင်နေသည်။

South Fork Skykomish၊ Tolt၊ Snoqualmie၊ Cedar၊ Green၊ နှင့် **White Rivers** နှင့် **Issaquah Creek** အတွက် ရေလွှမ်းမိုးသည့်ရေအမှတ်တစ်ခုစီ၏ အခြေအနေများနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြချက်ကိုသိရှိနိုင်ရန် အတွက် ***kingcounty.gov/flood*** သို့ ဝင်ရောက်ကြည့်ရှုပါ။

ကျွန်ုပ်တို့၏ ဘလော့ခ်အသစ်ကို ဝင်ရောက်ကြည့်ရှုပါ
kingcountyfloodcontrol.org/district-news

အချက်အလက်များ ကိုလက်လမ်းမှီအောင်နေပါ

X: @KCFloodDistrict, @KCDNRP

Instagram: @KingCountyDNRP

Facebook: @KCFloodDistrict, @KingCountyDNRP

နောက်ထပ်အရင်းအမြစ်များ

သင့်အိမ်ခြံမြေသည် ရေလွှမ်းလွင်ပြင်တစ်ခုအတွင်းရှိ၊ မရှိ သိရှိနိုင်ရန်
kingcounty.gov/FEMAmap သို့သွားရောက်ကြည့်ရှုပါ သို့မဟုတ် 206-477-4812 သို့ခေါ်ဆိုပါ။

ရေကြီးမှုတစ်ခုဖြစ်ပါက မည်သို့ပြင်ဆင်ရမည်နည်း *kingcounty.gov/floodservices*

King County အရေးပေါ်သတိပေးချက် *kingcounty.gov/alert*

King County အရေးပေါ်သတင်းဘလော့ဂ် *kcemergency.com*

King County ရေဘေးသတိပေးချက်များ 206-477-4899 • *kingcounty.gov/flood*

King County ရေဘေးသတိပေးစင်တာ 206-296-8200 သို့မဟုတ် 800-945-9263

King County အိုးအိမ်ပြုပြင်ရေး အစီအစဉ်
ဝင်ငွေနည်း၍ အိုးအိမ်ပြင်ဆင်ရန် အဓိကလိုအပ်သော အရည်အချင်းမီသည့် အိမ်ပိုင်ရှင်များကို ငွေကြေးထောက်ပံ့ခြင်း။
206-263-9095 • *kingcounty.gov/housingrepair*

King County Road 24/7 အကူအညီလိုင်း 206-477-8100

King County လမ်းသတိပေးချက်များ *kingcounty.gov/roadalert*

Metro Transit သယ်ယူပို့ဆောင်ရေးယာဉ်များ ပြတ်တောက်ခြင်း*kingcounty.gov/metro*

အမျိုးသား ရေဘေးအာမခံအစီအစဉ် 877-336-2627 • *floodsmart.gov*

ပြည်သူ့ကျန်းမာရေးဌာန နှင့် **King County**
မိလ္လာကန်နှင့် ရေတွင်းပြဿနာများ 206-477-8050

KING COUNTY FLOOD CONTROL DISTRICT

King County
Department of Natural Resources and Parks
Water and Land Resources Division

ရင်းမြစ်အမျိုးမျိုးမှနေ၍ King County က ဤမြေပုံတွင် ပါဝင်သော အချက်အလက်များကို ပြုစုထားပြီး အကြောင်းကြားခြင်းမရှိဘဲ ပြောင်းလဲနိုင်သည်။ အဆိုပါအချက်အလက်များ၏ တိကျမှန်ကန်မှု၊ ပြည့်စုံမှု သို့မဟုတ် အချိန်ကိုက်မှု သို့မဟုတ် အသုံးပြုရန် အခွင့်အရေးနှင့် စပ်လျဉ်း၍ King County နှင့် King County ရေကြီးမှု ထိန်းချုပ်ရေး ခရိုင်က တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ကိုယ်စားပြုမှုများ သို့မဟုတ် အာမခံများ မပြုလုပ်ပါ။ ဤစာရွက်စာတမ်းကို ထုတ်ကုန်စစ်တမ်းတစ်ခုအဖြစ် အသုံးပြုရန် ရည်ရွယ်ထားခြင်းမဟုတ်ပါ ဤမြေပုံတွင် ပါဝင်သော အချက်အလက်များအား အသုံးပြုခြင်း သို့မဟုတ် လွဲမှားစွာအသုံးပြုခြင်းမှ အကျိုးဖြစ်ပေါ်လာသော ဝင်ငွေများဆုံးရှုံးမှု သို့မဟုတ် အကျိုးအမြတ်များဆုံးရှုံးမှု စသဖြင့် အခြားမပါဝင်သည့်အချက်များအပါအဝင် ယေဘုယျဖြစ်စေ၊ အထူးဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ၊ အသေးအဖွဲဖြစ်စေ သို့မဟုတ် လက်ငင်းအကျိုးသက်ရောက်သည့် ထိခိုက်ပျက်စီးမှုများအတွက် King County နှင့် ခရိုင်တွင် တာဝန်ရှိမည်မဟုတ်ပါ။ King County ၏ စာဖြင့်ရေးသားသော ခွင့်ပြုချက်ဖြင့်မှအပ ဤမြေပုံ သို့မဟုတ် ဤမြေပုံပါ အချက်အလက် တစ်ခုခု ရောင်းချခြင်းကို တားမြစ်ထားပါသည်။

ဘာသာပြန်ဆိုထားသော Be Flood Ready လက်ကမ်းစာစောင်များကိုရရှိနိုင်ရန်အတွက် kingcounty.gov/prepareforflooding သို့သွားပါ။ ထပ်ဆောင်းဘာသာပြန်ဆိုမှုများနှင့် ပုံနှိပ်ထားသော ဘာသာပြန်ဆိုထားသည့်လက်ကမ်းစာစောင်များကို သင့်ထံမှ အခကြေးငွေမယူဘဲ တောင်းဆိုမှုအတိုင်း ရရှိနိုင်ပါသည်။ ကျေးဇူးပြု၍ 206-477-4812 ကိုခေါ်ဆို၍ ကျွန်ုပ်တို့ထံသို့ ဆက်သွယ်ပါ။

Para obtener los folletos traducidos de Be Flood Ready, visite *kingcounty.gov/prepareforflooding*. Si lo pide, hay traducciones adicionales y folletos traducidos impresos sin costo alguno para usted; comuníquese con nosotros al 206-477-4812.

Để nhận bản dịch tờ gấp Sẵn Sàng Ứng Phó Với Ngập Lụt, vui lòng truy cập *kingcounty.gov/prepareforflooding*. Chúng tôi cung cấp miễn phí các bản dịch khác và bản cứng tờ gấp đã dịch theo yêu cầu cho quý vị. Vui lòng liên hệ với chúng tôi theo số 206-477-4812.

번역된 홍수 대비 브로셔는 웹사이트 *kingcounty.gov/prepareforflooding* 를 참조하세요. 추가 번역 및 인쇄된 번역 브로셔가 필요하면 요청 시 무료로 드립니다. 206-477-4812로 문의하세요.

如需「Be Flood Ready（做好防洪準備）」手冊的翻譯版本，請造訪 *kingcounty.gov/prepareforflooding*
如果您需要額外的翻譯版本和紙質翻譯版手冊，請致電 206-477-4812 聯絡我們，我們將免費為您提供

Si aad u hesho buug-yaraha u diyaarsanoow daadka fadlan booqo *kingcounty.gov/prepareforflooding*. Turjumaada dheeraadka ah iyo buug-yaraha la daabacay ayaad ku heli kartaa si bilaash ah markaaad adiga codsato, fadlan nagala soo xiriir 206-477-4812.

Переведенные брошюры Be Flood Ready (Подготовка к наводнению) можно найти на странице *kingcounty.gov/prepareforflooding*. Чтобы бесплатно запросить перевод на другие языки или печатный экземпляр переведенной брошюры, звоните на номер 206-477-4812.